လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# ပြည်တွင်းပြည်ပအင်အားစုအသီးသီး ထံသို့ တိုက်တွန်းပန်ကြားအပ်ပါသည်

စစ်အာဏာရှင်စနစ်ကို ဖယ်ရှားမတိုက်မဖျက်နိုင်လျှင် စစ်မှန်သောဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင် လိမ့်မည်မဟုတ်ပါ။

ယနေ့ကာလ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးတွင် အဓိကအကျဆုံးဂွင်းဆက်မှာ ညောင်နှစ်ပင်ညီလာခံရလဒ်များဖြင့် ရေးသားအတည်ပြုလာမည့် 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ကို ဆန့်ကျင်တိုက်ဖျက်ရေးပင်ဖြစ်သည်။

'ညောင်နှစ်ပင်ဖွဲ့စည်းပုံအခြေခံဥပဒေ'အတည်ဖြစ်သွားလျှင် ကျွန်တော်တို့၏ဒီမိုကရေစီတိုက်ပွဲသည် ပိုမိုရှည်ကြာကွေ့ကောက်သွားနိုင်ပါသည်။

သို့ပါ၍ညောင်နှစ်ပင်ညီလာခံရလဒ်များဖြင့် ရေးဆွဲအတည်ပြုလာမည့် 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်သွားကြရလိမ့်မည်သာဖြစ်သည်။ ယင်းသည် ယနေ့ကာလ၏ အချက်အခြာတာဝန်ပင်ဖြစ်ပါသည်။ ယင်းသည် စစ်မှန်သောဒီမိုကရေစီစနစ်ကို လိုလားအကောင်အထည်ဖေါ်လိုသူတိုင်း ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်လည်း ဖြစ်ပါသည်။

ထိုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်လာသည့်အခါ ပြုလုပ်မည့် 'ရွေးကောက်ပွဲ'ဆိုသည်ကို မျှော်လင့်စိတ်ကူးယဉ်နေ၍လုံးဝမဖြစ်နိုင်ပါ။

(နအဖ)စစ်အစိုးရ က ထို 'ဖွဲ့စည်းပုံအခြေခံဥပဒေ'လမ်းပြမြေပုံ အဆင့်( ၄)တွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုမည်ဟု ထုတ်ဖေါ်ကြေညာထားသည်။ ထိုသို့ (နအဖ)စစ်အစိုးရကအတည်ပြုလာမည့် 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ကို ဆန့်ကျင်တိုက်ဖျက်ပစ်ရေးကို ယခုကတည်းကပြင်ဆင်ဆောင်ရွက်ထားကြရမည်။

နိုင်ငံရေးရှုဒေါင့်၊ တရားဥပဒေရှုဒေါင့်၊ လူ့အခွင့်အရေးရှုဒေါင့် စသဖြင့် ရှုဒေါင့်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဖွင့်ချ ဝေဖန်တိုက်ခိုက်သွားကြရမည်ဖြစ်သည်။

သို့အတွက်ပြည်တွင်းပြည်ပ၊ ဥပဒေတွင်းဥပဒေပအင်အားစုအသီးသီးသည်မိမိတို့စွမ်းဆောင်နိုင်သည့် နယ်ပယ်အသီးသီး ရှုဒေါင့်အသီးသီးမှ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

(နအဖ)စစ်အစိုးရ ကလည်း ထို အခြေခံဥပဒေအတည်ပြုနိုင်ရေး အတွက် ပြင်ဆင်ကြိုးပမ်းနေသည်။ အင်အားစုစည်းနေသည်။ ကြံ့ဖွံ့အသင်းဝင်အင်အား ၂၄ သန်းရှိနေပြီဟု ပြောဆိုနေခြင်းမှာ လမ်းပြမြေပုံအဆင့် ၄ အတွက်ရည်ရွယ်နေခြင်း ဖြစ်သည်။

အဆင့် (၁)ဖြစ်သည့် ညောင်နှစ်ပင်ညီလာခံ ကို ၂၀၀၄ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှစတင် ရေတွက်ကြည့်လျှင် ၃ နှစ်နီးပါးကြာမြင့်ခဲ့သည်။ ညောင်နှစ်ပင်ညီလာခံကို လာမည့် ဇူလိုင်လ ၁၈ ရက်နေ့တွင်ပြန်လည် ကျင်းပမည်ဟု ထုတ်ဖေါ်ပြောဆိုထားသည်။ 'နောက်ဆုံးကျင်းမည့်ညီလာခံ'ဟုပင်ပြောထားသည်။

အဆင့် ၂ နှင့် အဆင့် ၃ မည်မျှကြာမည်ကို အတိအကျမပြောနိုင်ပါ။ အဆင့် ၁ လောက်တော့ အချိန်ကြာမြင့်လိမ့်မည်ဟုမထင်ပါ။ အဆင့် ၂ နှင့် အဆင့် ၃ တွင် ညောင်နှစ်ပင်ညီလာခံတက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များအားလုံးပါဝင်ရန် လိုအပ်တော့မည်မထင်ပါ။

ထို့အပြင်အဆင့် ၄ မတိုင်မီကာလအတွင်း ဆန့်ကျင်ဘက်အင်အားစုအားလုံးကို မလှုပ်ရှားနိုင်အောင် (နအဖ)စစ်အစိုးရ က နည်းလမ်းပေါင်းစုံဖြင့် ကန့်သတ်ပိတ်ပင်တားမြစ်ထားလိမ့်မည်ဆိုသည်ကိုကား သံသယရှိစရာမလိုချေ။

သို့ပါ၍(နအဖ)စစ်အစိုးရက ညောင်နှစ်ပင်ညီလာခံရလဒ်များဖြင့် ရေးဆွဲအတည်ပြုလာမည့် 'ဖွဲ့စည်းပုံအခြေခံဥပဒေ'ကို ပြည်သူများက ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းကန့်ကွက်မဲပေးဆန့်ကျင်နိုင်ကြစေရန် ယခုကာလမှစတင်ပြီး ပြင်ဆင်စည်းရုံးလှုံ့ဆော်မှု များပြုလုပ်သွားရန်တိုက်တွန်းပန်ကြားအပ်ပါသည်။

ထိုသို့ လမ်းပြမြေပုံအဆင့် (၄)ဆန်ကျင့်ရေးကို ဦးတည်ချက်ထားပြီး ပြင်ဆင်ဆောင်ရွက်ကြရာတွင် တရားဝင်နိုင်ငံရေးပါတီများဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) တို့၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။

အဆိုပါ ပါတီကြီးများက ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးရန် လိုအပ်ပါသည်။

အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားအင်အားစုများသည်လည်း အလားတူအရေးကြီး ပါသည်။

ညောင်နှစ်ပင်ညီလာခံတွင် ချမှတ်ခဲ့ကြသောဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများတွင် တန်းတူရေးနှင့်ဒီမိုကရေစီရေးကို အာမခံနိုင်မည့်အချက်အလက်များမပါရှိသည်ကို ညီလာခံတက်ရောက်ခဲ့ဖူးသောကိုယ်စားများ၏ ကိုယ်တွေ့ပင်ဖြစ်ပါသည်။

ယခင်ကလို ကြားနေ၍မရနိုင်တော့ပါ။

မိမိတို့ရပ်တည်ကိုယ်စားပြုရာ လူမျိုး၏ အဆင့်နေရာ၊ နိုင်ငံရေးအဆင့်နေရာ ကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြသရမည့်အချိန်အခါသို့ဆိုက်ရောက်နေပါပြီ။

'တန်းတူရေးနှင့်ဒီမိုကရေစီရေး' သည် ခွဲခြား၍မရသော 'ဒင်္ဂါးတစ်ခု၏ ခေါင်းနှင့်ပန်း' ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ဒီမိုကရေစီအင်အားစုနှင့်တိုင်းရင်းသားအင်အားစုများသည်ဒင်္ဂါးတစ်ခုတည်းပမာ တသားတည်းရပ်တည်ပြရမည့်အချိန်သို့လည်းရောက်ရှိနေပြီ ဖြစ်ပါသည်။

– လမ်းပြမြေပုံ အဆင့် ( ၄ ) ကို ဆန့်ကျင်ရေး ဦးတည်ပြင်ဆင်၊ လတ်တလောဖြစ်ပေါ်လာနိုင်တဲ့အခြေအနေအချက် အလက်မှန်သမျှကို အသုံးချ လူထုတိုက်ပွဲဖော်ထုတ်ကြပါစို့

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့။